**မှုခင်း - ၈**

## ပျောက်ဆုံးသွားသော လူသတ်လက်နက်

နေ့တစ်နေ့မှာ ကုမ္ပဏီမန်နေဂျာဟာ ၎င်းရဲ့ရုံးခန်းထဲမှာ နေ့လယ်နေ့ခင်း အိပ်စက်နားနေတယ်။ ကြေးစားလူသတ်သမား တစ်ယောက်ဟာ ၎င်းရုံးခန်းထဲကို ဝင်လာပြီး ကုမ္ပဏီပိုင်ရှင်ကို သတ်သွားတယ်။ စင်တီမီတာ ၃၀ လောက်ရှည်တဲ့ တုတ်လိုဟာမျိုးနဲ့ ခေါင်းကိုရိုက်သတ်လို့ သေတဲ့ပုံပဲ။

လူသတ်သမားဟာ အပြင်ကို ပြန်ထွက်မယ်အလုပ်မှာ ကံမကောင်းစွာဘဲ လုံခြုံရေးအစောင့်ရောက်လာပြီး သူ့ကို နေရာတွင် ဖမ်းဆီးလိုက်တယ်။ အုံ့ဩစရာကောင်းတာက လူသတ်သမားကို တစ်ကိုယ်လုံး ရှာဖွေပေမဲ့ လူသတ်လက်နက်ကို မတွေ့ဘူး။ အိမ်ထဲရော၊ ကုမ္ပဏီပိုင်ရှင်ကိုယ်ပေါ်ရော ရှာဖွေပြီးပြီ။ တုတ်လိုအရာဝတ္ထုမျိုးကို မတွေ့ရဘူး။ ပြီးတော့ ရုံးခန်းမှာ ပြတင်းပေါက်မရှိဘူး။ ဒါကြောင့် ပြတင်းအပြင်ကို လွှင့်ပစ်လို့လည်း မရဘူး။





ဒါဖြင့်ရင် လူသတ်သမားဟာ ဘယ်လိုလူသတ်လက်နက်ကို အသုံးပြုပါသလဲ။ ပြီးတော့ လက်နက်ကို ဘယ်မှာဖုက်ထားပါသလဲ။

(အဖြေကို နောက်ဆက်တွဲတွင်ကြည့်ပါ)

❐